# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ကျောက်ကြီးမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း
## National Community Driven Development Project
## (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)

ကျွဲတလင်းကျေးရွာအုပ်စု ၊ မတောကုန်းကျေးရွာ

ဧပြီလ ၊ ၂၀၁၆ ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၃။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၄။ အစည်းအဝေးမှတ်တမ်းများ

၁၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၁၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Check List For VDP )

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



## ကျွဲတလင်းအုပ်စု ၊ မတောကုန်းကျေးရွာ

### ကျေးရွာသမိုင်းကြောင်း နှင့် မြေပုံသုံးသပ်ချက်

မတောကုန်းကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိပါသည်။ ဆိုးရွားလွန်းလှသည့် စစ်ဘေးဒဏ်ကို ကြိမ်ဖန်များစွာခံခဲ့ရပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နှစ်တိုင်းပြောင်းရွှေ့ခဲ့ရပြီး ၂၀၀၇ မှ ၂၀၁၀ အထိ နီးစပ်ရာရွာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ပါသည်။ ၂၀၁၁ နောက်ပိုင်းတွင် နယ်မြေအေးချမ်းလာ၍ ရွာတွင်အတည်တကျ နေထိုင်ခဲ့ကြရပါသည်။ ယခုအခါတွင် မတောကုန်းရွာ နှင့် နီးစပ်သော ကျွဲကြီးအင်းရွာသည် လုံးဝပျောက်ကွယ်သွားပြီး မတောကုန်းရွာ နှင့် အခြားရွာများတွင် သွားရောက်နေထိုင်ကြပါသည်။

မတောကုန်းရွာသည် စစ်ဘေးဒဏ်ကို များစွာခံစားခဲ့ရသောကြောင့် စီးပွားရေး ၊ ပညာရေး ၊ ကျန်းမာရေး စသည်တို့တွင် ဖွံ့ဖြိုးမှု များစွာ နောက်ကျခဲ့ပါသည်။ သို့ပါသော်လည်း ရွာသူ ၊ ရွာသားများသည် စည်းလုံးညီညွတ်စွာ နှင့် ကိုယ့်ထူကိုယ့်ထ လမ်းများ ၊ တံတားများ ၊ စာသင်ကျောင်းများကို ဆောက်လုပ်ခဲ့ကြပါသည်။ သို့ပေမဲ့ လုံလောက်သော ငွေကြေး နှင့် နည်းပညာများ မရှိခြင်းတို့ကြောင့် လမ်းများသည် နွေရာသီတွင်သာ သွားရေးလာရေး အဆင်ပြေပြီး မိုးရာသီတွင် သွားလာရေး လွန်စွာခက်ခဲရပါသည်။ တံတားများကိုလည်း နှစ်တိုင်း ပြင်ဆင်ကြရပါသည်။ ကလေးများ ပညာသင်ကြားရာတွင်လည်း စာသင်ဆောင်သေးနေ၍ ပညာသင်ကြားရေးတွင်လည်း အခက်အခဲများ နှင့် ရင်ဆိုင်နေကြရပါသည်။ ကျန်းမာရေးကိစ္စများတွင်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မလိုလားအပ်သော အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြရပါသည်။

ကျွဲတလင်းကျေးရွာအုပ်စု ၊ ခဲတောကုန်းကျေးရွာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | အရင်းအမြစ်ပြမြေပုံ | 4.4.2016 | ကျေးရွာလူထု | 14 | 16 | 30 | ကျေးရွာအတွင်းရှိအရင်းအ<br>မြစ်များ၊ ကျေးရွာတည်နေ<br>ရွာ၏အဓိကအရင်းအမြစ်မျ |
| ၂။ | ဆင်းရဲ၊ ချမ်းသာမှုအဆင့်ခွဲခြားခြင်း | 4.4.2016 | ကျေးရွာလူထု | 14 | 16 | 30 | ရွာလူထု၏ပိုင်ဆိုင်မှုနှင့်<br>ပါတ်သက်၍ ဆင်းရဲ၊ ချမ်းသ<br>သတ်မှတ်ခွဲခြားခြင်း |
| ၃။ | ရာသီခွင်ပြပြက္ခဒိန် | 4.4.2016 | ကျေးရွာလူထု | 14 | 16 | 30 | ရွာတွင်ရာသီအလိုက်<br>အလုပ်လုပ်ချိန်၊ ရာသီဥ<br>အစရှိသည်တို့ကို လေ့လ<br>အကဲဖြတ်ခြင်း |
| ၄။ | အရင်းအမြစ်များပိုင်ဆိုင်မှု၊ ထိန်းချုပ်ခြင်း၊ အသုံးပြုခြင်း | 4.4.2016 | ကျေးရွာလူထု | 14 | 16 | 30 | ရွာတွင်းရှိ အရင်းအမြစ်မ<br>ကိုအသုံးပြုခြင်းနှင့်<br>ထိန်းချုပ်ခြင်း |
| ၅။ | ပင့်ကူအိမ်သုံးသပ်ခြင်း | 4.4.2016 | ကျေးရွာလူထု | 28 | 32 | 60 | ကျေးရွာအတွင်းရှိအမျိုး<br>အမျိုးသမီးတို့၏လူနေမှ<br>ဘဝများကိုလေ့လာ<br>သုံးသပ်ခြင်း |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်မှု | 4.4.2016 | ကျေးရွာလူထု | 28 | 32 | 60 | ရွာတွင်းအဖွဲ့အစည်းများနှ<br>ရွာပြင်ပ အဖွဲ့အစည်းများ<br>အကြောင်းကိုလေ့လာခြ |
| ၇။ | ပြဿနာသစ်ပင် | 5.4.2016 | ကျေးရွာလူထု | 28 | 32 | 60 | ကျေးရွာအတွင်းအဓိကရင်<br>ဆိုင်နေရသောအခက်အခဲ<br>များထဲမှတစ်ခုအားဖော်<br>ထုတ်ပြီး အကြောင်းရင်းနှ<br>အကျိုးသက်ရောက်မှုများ<br>ဖော်ထုတ်ခြင်း |

ကျွဲတလင်းအုပ်စု ၊ မတောကျွန်းရွာ

အုပ်စုတွင် ပါဝင်သော ရွာများစာရင်း

(၁) ကျွဲတလင်း

(၂) ကျွဲတလင်း - အရှေ့စု

(၃) မတောကျွန်း

(၄) ထန်းပင်ကျွန်း ( ပြည်ထဲရေး နာမည် မပေါ်တော့ပါ )

(၅) ကျွဲကြိုအင်း ( ရွာပျက် )

၂၀၁၆ ခုနှစ် ဧပြီလ (၄) ရက်နေ့ နှင့် (၅) ရက်နေ့ များတွင်

ကျောက်ကြီး မြို့နယ် ၊ ကျဲတလင်းအုပ်စု ၊ မတောကုန်း ကျေးရွာ စာသင်ကျောင်း
တွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း စီမံကိန်း မိတ်ဆက် ၊
ကော်မတီဝင် များ နှင့် ဦးစားပေး လုပ်ငန်း များ ရွေးချယ်ခြင်း အစည်းအဝေးမှတ်တမ်း

တည်နေရာ - ကျဲတလင်းအုပ်စု ၊ မတောကုန်းကျေးရွာ
မတောကုန်း စာသင်ကျောင်း

အစည်းအဝေး တက်ရောက်သူများ -

ဦးအောင်နိုင် - လက်ထောက်နည်းပညာမှူး
ဦးဇောင်းမွန်ကျော် - လူထု စည်းရုံးရေးမှူး
ဦးလွင်စိန် - အုပ်စုအုပ်ချုပ်ရေးမှူး
ကျေးရွာလူထု - PC၊၁၂ ပါအတိုင်း

ဆွေးနွေးချက်များ

အစည်းအဝေး ကို မနက် (၉) နာရီတွင် စတင်ခဲ့ပြီး ၊ လူထုစည်းရုံးရေး ဦးဇောင်းမွန်ကျော် မှ အစည်းအဝေး အစီအစဉ်များကို ဖတ်ကြားခဲ့ပါသည်။

ထို့နောက် အုပ်စုအုပ်ချုပ်ရေးမှူး ဦးလွင်စိန် မှ အစည်းအဝေးတက်ရောက်လာသော ရွာသူ ရွာသားများအား ကျေးဇူးတင်စကား ပြောကြားခြင်း လူထုဗဟိုပြုစီမံကိန်းသည် ရွာသူ ရွာသားများ၏ လူမှုရေး ၊ စီးပွားရေး ကျန်းမာရေး စသည်တို့ကို ကူညီဖြေရှင်းပေးမည့် စီမံကိန်း ဖြစ်ကြောင်း ၊ ရွာသူ ရွာသားများ စည်းစည်းလုံးလုံး နှင့် ပါဝင်သင့်ကြောင်း များကိုပြောကြား၍ နိဂုံးချုပ်ခဲ့ပါသည်။

ထို့နောက် လက်ထောက်နည်းပညာမှူး နှင့် လူထုစည်းရုံးရေးမှူး မှ ရွာလူထု နှင့် မိတ်ဆက် စကား ပြောကြားပြီး လူထုစည်းရုံးရေးမှူး ဦးဇောင်းမွန်ကျော် မှ စီမံကိန်း မိတ်ဆက် (၁၁) ချက် နှင့် စီမံကိန်း စက်ဝန်း ၊ စီမံကိန်း ကို ဘဏ္ဍာဘတ် မှ ရံပုံငွေ ထောက်ပံ့ပြီး ၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီဌာန မှ ဦးဆောင်၍ ကျေးရွာလူထု မှ ကိုယ်တိုင် ဖော်ဆောင်ရမည် ဖြစ်ကြောင်း ရှင်းပြပါသည်။ ဆက်လက်ပြီး ရံပုံငွေ သည် အုပ်စု လူဦးရေ အပေါ် မူတည်ပြီး ထောက်ပံ့ကြောင်း ကျေးရွာတစ်ရွာချင်းစီမှ လုပ်ငန်း အပေါ် မူတည်ပြီး ရံပုံငွေကို ခွဲဝေသုံးစွဲ

ရှိသည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့နောက် ဦးအောင်နိုင် မှ စီမံကိန်းတွင် ပါဝင်သူများ၏ တာဝန်ဝတ္တရားများ ၊ ဆောင်ရန် ၊ ရှောင်ရန်များကို ရှင်းပြပြီး ဦးထောင်းလွန်ကျော် မှ စီမံကိန်း နှင့် အကျုံးဝင်သောလုပ်ငန်း ၊ အကျုံးမဝင်သောလုပ်ငန်းများ အကြောင်း အား ရွာသူရွာသားများ ရှင်းရှင်းလင်းလင်း သိစေရန် ရှင်းပြသည်။ ဆက်လက်၍ ဦးအောင်နိုင် မှ လူမှုအကာအကွယ်များ ၊ သဘာဝ အကာအကွယ်များ အကြောင်း နှင့် ကျား၊မ ရေးရာ အခန်းကဏ္ဍများကို ရှင်းလင်း ပြောကြားပြီးနောက် နေ့လယ် (၁၂) နာရီတွင် အစည်းအဝေးကို ရပ်နားခဲ့ပါသည်။

အစည်းအဝေးကို နေ့လယ် (၁) နာရီတွင် ပြန်လည်စတင်ခဲ့ပြီး ရွာလူထုကို အုပ်စုများခွဲကာ PRA Tools များကို လုပ်ဆောင်ခဲ့ကြပါသည် လူထုစည်းရုံးရေးမှူး ဦးထောင်းလွန်ကျော် မှ ကျေးရွာ အရင်းအမြစ်ပြမြေပုံ နှင့် ဆင်းရဲ ၊ ချမ်းသာ အဆင့် ခွဲခြားခြင်းများ ၊ လက်ထောက်နည်းပညာမှူး ဦးအောင်နိုင် မှ ဥယျာဉ်မြေ အရင်းအမြစ်များ ခွဲခြားစိတ်ဖြာခြင်း နှင့် ကျား၊မ ရေးရာ ပြက္ခဒိန် စသည်တို့ကို ရွာသူရွာသားများအား ဦးဆောင်၍ လုပ်ခဲ့ကြပါသည်။

လူထုစည်းရုံးရေးမှူး ဦးထောင်းလွန်ကျော် မှ အုပ်စုအစည်းချိတ်ဆက်မှု နှင့် ဂါဘီခွင်ပြုပြုကွန်မိန် ကို ရွာသူရွာသားများအား မေးမြန်းကာပြုလုပ်ခဲ့ပြီး စီမံကိန်း နှင့် ဆက်စပ်ပုံများကို ရှင်းပြပြီး အစည်းအဝေးကို ညနေ (၅) နာရီတွင် ရပ်သိမ်းခဲ့ပါသည်။

ကွဲတလယ်းအုပ်စု ၊ ခတောကုန်းကျေးရွာ ၊ ခတောကုန်း စာသင်ကျောင်း တွင် ဧပြီ (၅) ရက်နေ့တွင် မနက် (၈) နာရီတွင် ဒုတိယ အကြိမ်အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ လက်ထောက်နည်းပညာမှူး နှင့် လူထုစည်းရုံးရေးမှူး တို့က ကျေးရွာ၏ အခက်အခဲပြဿနာ ၊ နောက်(၅) နှစ်အတွက် မျှော်မှန်းချက်များကို အမျိုးသား နှင့် အမျိုးသမီး (၂) ဖွဲ့ခွဲကာ ဖော်ထုတ်ခဲ့ကြပါသည်။

ထို့နောက် ပြဿနာ သစ်ပင်အား လူထုစည်းရုံးရေးမှူး ဦးထောင်းလွန်ကျော် ၏ အကူအညီဖြင့် ရွာသူရွာသားများကိုယ်တိုင်ရေးဆွဲ

ခဲ့ပါသည်။ လူထုစည်းရုံးရေးမှူး ဦးအောင်းမွန်ကျော် မှ စားဝတ်နေရေး ခက်ခဲခြင်း ပြဿနာ သစ်ပင် ကို မူတည်ပြီး အကျိုးအကြောင်း ဆက်စပ်ပုံ များကို ရှင်းပြ ပြီး မည်ကဲ့သို့ ဖြေရှင်းကြမည်ကို ဆွေးနွေး ခဲ့ပါသည်။ ထို့နောက် အမျိုးသား နှင့် အမျိုးသမီး (၂) ဖွဲ့ ခွဲကာ ဦးစားပေး လုပ်ငန်း များကို ရွာသူ ရွာသား များ မှ ဆွေး ချယ်ပေး ခဲ့ကြပါသည်။ နေ့လယ် (၁၂) နာရီတွင် အစည်းအဝေး နားလျှံ နေ့လယ်ထို့ နောက် (၁) နာရီတွင် အစည်းဝေး ပြန်စခဲ့ပါသည်။ အမျိုးသား နှင့် အမျိုးသမီး (၂) ဖွဲ့ ပြန်ပေါင်း ကာ ကျေးရွာ အတွက် ဦးစားပေး လုပ်ငန်း များ ကို နှစ်အလိုက် ခွဲခြား သတ်မှတ် ခဲ့ကြပါသည်။ ဦးစားပေး လုပ်ငန်း များ မှာ -

(၁) ကျေးရွာချင်း ဆက်လမ်း ၊ ရွာတွင်း လမ်းများ နှင့် တံတား များ ပြုပြင်ခြ(င်း)
(၂) စာသင်ကျောင်းဆောင်တိုး ချဲ့ခြင်း (သို့) တိုးချဲ့ ဆောင်ဆောက်လုပ်ခြင်း
(၃) စာသင်ကျောင်းဆောင် ခေါင်မိုး ပြုပြင်ခြင်း
(၄) ကျောင်းခြံစည်းရိုး အသစ် ပြုလုပ်ခြင်း
(၅) ကျေးလက်ဆေးပေးခန်း အမိုး ၊ အကာ ၊ အခင်း ပြုပြင်ခြင်း
(၆) အများသုံးအိမ်သာ နံရံ ပြုပြင်ခြင်း

စသည်တို့ကို (၄) နှစ်အတွက် ဦးစားပေး ရွေးချယ် သတ်မှတ် ခဲ့ကြပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးအောင်းမွန်ကျော် မှ ကော်မတီဝင် များ ရွေးချယ်ရာတွင် မဲစနစ်ဖြင့် ရွေးချယ်နိုင်ကြောင်း ၊ ကျေးရွာလူထု အားလုံး၏ သဘောဆန္ဒအလျောက်လဲ ရွေးချယ်နိုင်ကြောင်း ကို ရှင်း ပြခဲ့ပါသည်။

ထို့နောက်တွင် ကျေးရွာလူထု မှ မဲစနစ်ဖြင့် ကော်မတီဝင် များ အား ရွေးချယ် ခဲ့ကြရာတွင် -

ကျေးရွာစီ၊ဖောက် ကော်မတီ ဥက္ကဋ္ဌ (အမျိုးသား) - ဦးစောသန်းဝင်းလေ
ကျေးရွာစီ၊ဖောက် ကော်မတီ ဥက္ကဋ္ဌ (အမျိုးသမီး) - ဒေါ်နော်ခဲ
ဝယ်ယူရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ - ဦးစောဝင်းမြင့်
ဝယ်ယူရေး ဆပ်ကော်မတီ အဖွဲ့ဝင် - ဒေါ်ခင်ခင်မြ
ဝယ်ယူရေး ဆပ်ကော်မတီ အဖွဲ့ဝင် - ဒေါ်နော်ဖီးဝါး
စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (ခေါင်းဆောင်) - ဦးသန်းနိုင်ဦး
စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (အဖွဲ့ဝင်) - ဒေါ်အေးစတာပေ

ကျေးရွာငွေစာရင်းကိုင် - ဦးစောစေးမှူး

ပေါမုန့်အကြံပြု တိုင်ကြားဖြေရှင်းရေး ကိုယ်စားလှယ် (၁) - ဦးခင်းဘိုသိန်း


ပေါမုန့်အကြံပြု တိုင်ကြားဖြေရှင်းရေး ကိုယ်စားလှယ် (၂) - ဒေါ်ပေါ်နေဝါး

ကျေးရွာ စောင့်နား ဝန်ထမ်း (အမျိုးသား) - ဦးစောဒါးမှူး

ကျေးရွာ စောင့်နား ဝန်ထမ်း (အမျိုးသမီး) - ဒေါ်နော်စာထပေါ်

အထက်ပါ ကော်မတီဝင်များကို ကျေးရွာလူထုမှ ရွေးချယ်ပေးခဲ့ကြပြီး ၊ ကော်မတီဝင်များမှလဲ မိမိတို့၏ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရွာလူထုအား ပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များအား စီမံကိန်းမှ ထုတ်ပေးသော ပစ္စည်းများအား လွှဲပြောင်းပေးအပ်ကာ ၊ ကော်မတီဝင်များနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ပြီး အစည်းအဝေးအား ညနေ (၄) နာရီခွဲတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မတောကုန်းကျေးရွာ - အရင်းအမြစ်ပြ - မြေပုံ



ကျွဲတလင်းအုပ်စု

မတောကုန်းကျေးရွာ

## လူမှုရေးအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

မတောကုန်းကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် ကြို့ကုန်းရွာ ၊ တောင်ဘက်တွင် ထန်းပင်ကုန်း ကျွဲတလင်း ၊ ပတ္တလား ၊ အုတ်မြေရှူး စသည့် ရွာများ တည်ရှိနေကြပါသည်။ မတောကုန်းကျေးရွာတွင် အိမ်ထောင်စု (၇၀) ရှိပါသည်။ အမျိုးသားဦးရေ (၁၉၂) ဦး နှင့် အမျိုးသမီး (၁၇၃) ဦး ရှိပါသည်။ တစ်ရွာလုံးသည် ကရင်လူမျိုး ဖြစ်ကြပြီး (၆၈) အိမ်ထောင်စုမှာ ကရင်-ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ အိမ်ထောင်စု (၂) ခုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပြီး အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြပါသည်။ ရွာနီးစပ်တွင်ရှိသော ကျွဲကြို့အင်းရွာပျက်မှ စေတီ နှင့် ဘုန်းကြီးကျောင်းအား ကိုးကွယ်ကြပါသည်။ ရွာထဲတွင် ခရစ်ယာန်ဘုရားကျောင်းငယ် နှင့် ခရစ်ယာန်အသင်းတော်မှ ဖွင့်လှစ်ထားသော မူကြိုလည်း ရှိပါသည်။

## သောက်သုံးရေ

မတောကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်နှိပ်တုံကင်များ ၊ ရေတွင်းများကို အသုံးပြုကြရပါသည်။ သို့သော်လည်း ရေတုံကင် အနည်းငယ်သာရှိခြင်း နှင့် နွေရာသီတွင် ရေတွင်းများ ရေခမ်းခြင်းတို့ကြောင့် ရေကောင်းရေသန့်များ လုံလောက်စွာမရရှိခြင်း တို့ ဖြစ်ပေါ်နေကြပါသည်။

## လမ်း နှင့် တံတား ဆက်သွယ်ရေး

မတောကုန်းကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ ရွာတွင်းလမ်းများ နှင့် ကျေးရွာချင်းဆက်လမ်းများသည် ရွာသူရွာသားများ ကိုယ်ထူကိုယ်ထ ပြုလုပ်ထားသော မြေသားလမ်းများသာဖြစ်သောကြောင့် မိုးရွာသည့်အချိန် အချိန်များတွင် လမ်းများအပေါ် ရေကျော် ၍ ဗွက်များ ထနေသောကြောင့် သွားလာရေးမှာ လွန်စွာမှ ခက်ခဲလှပါသည်။ တံတားများမှာလည်း သစ်သားတံတားများ ဖြစ်ခြင်းကြောင့် မကြာခဏ ပျက်စီးနေပြီး ကလေးများ ပညာသင်ကြားရေး နှင့် ရွာသူရွာသားများ သွားလာရာတွင် အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။

## ပညာရေး

မတောကျွန်းကျေးရွာတွင် မူလတန်းလွန် စာသင်ကျောင်း ရှိပါသည်။ စာသင်ကျောင်းသည် အနည်းငယ်ကျဉ်းနေ၍ ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ သို့ဖြစ်ပါ၍ ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေစေရန် ကျောင်းဆောင်တိုးချဲ့ခြင်း (သို့မဟုတ်) ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်နေပါသည်

## ကျန်းမာရေး

မတောကျွန်းကျေးရွာတွင် ရွာသူရွာသားများ ကိုယ်ပိုင်ငွေ ကိုယ်ထူ ဆောက်လုပ်ထားသော ဆေးခန်း ရှိပါသည်။ သို့ပါသော်လည်း အဆိုပါ ဆေးခန်းသည် အခင်း ၊ နံရံ ၊ အမိုး နှင့် ပြတင်းပေါက်များ ပျက်စီးနေပါသည်။ ထို့ကြောင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပြုလုပ်ရန် အဆိုပါ ဆေးခန်း အား ပြုပြင်ရန် လဲ လိုအပ်နေပါသည်။

မတောကျွန်းကျေးရွာတွင် ကရင်ငြိမ်းချမ်းရေး အဖွဲ့အစည်းမှ လာရောက် ဆောက်လုပ်လှူဒါန်းထားသော အများသုံး အိမ်သာ (၁) လုံး ရှိပါသည်။ အိမ်သာ နံရံ အား သွပ်များ ဖြင့် ပြုလုပ်ထားသောကြောင့် အသုံးပြုရာတွင် အဆင်မပြေ၍ အိမ်သာ နံရံအား အုတ်နံရံအဖြစ် ပြုပြင်ပြောင်းလဲ ပေးရန်လဲ လိုအပ်နေပါသည်။

## စီးပွားရေး

မတောကျွန်းကျေးရွာတွင် လူအများစု မှာ လယ် / ကိုင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လူနည်းစု မှာ လက်လုပ်လက်စား များ ဖြစ်ကြပါသည်။ ရွာလူဦးရေ၏ ၁၂ ရာခိုင်နှုန်း မှာ ပြေလည်သော မိသားစုများ ဖြစ်ပြီး ၊ ၅၄ ရာခိုင်နှုန်း မှာ အလယ်အလတ် လူတန်းစားများ ဖြစ်ကြပြီး ၊ ၃၄ ရာခိုင်နှုန်း မှာ မပြေလည်သော မိသားစုများ ဖြစ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကောင်းမွန်ကျော်

ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၁၄)

မ (၁၆)

## အနှစ်ချုပ် ပြဿနာ

မဲဇောကုန်း ကျေးရွာတွင် အဓိကရင်ဆိုင်နေရသော ပြဿနာ၊ အခက်အခဲများမှာ ကျေးရွာချင်းဆက်လမ်းများ၊ ရွာတွင်းလမ်းများ ပြ တံတားများ ပျက်စီးနေခြင်း ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ ကလေးများ ပညာသင်ကြားရာတွင် ကျောင်းဆောင်လုံလောက်မှုမရှိခြင်း၊ ဆေးပေးခန်း ပျက်စီးနေခြင်း၊ သောက်သုံးရေသန့် ရှားပါးခြင်း စသည်တို့ ဖြစ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကောင်းမွန်ကျော်

ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၁၄) ၊ မ (၁၆)

ကျေးရွာ ခဓောာကူနိ

ကျေးရွာအုပ်စု ကျွဲတာလော

ရက်စွဲ ။ ၅ - ၄ - ၂၀၁၆

## ချမ်းသာကြွယ်ဝမှုအဆင့်ခွဲခြင်း ဇယား

| အမျိုးအစား | သတ်မှတ်ချက်/ ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | % |
|---|---|---|---|
| ချမ်းသာခြင်း | ဃၢၢဒ်ဖေ (၂၀) / ခွဲးကူတ် /<br>ပျူင်ထောင် သွပ်ရိုး ဓါး၊ခ / ဆိုင်ကယ်<br>နွား (၂) ရှင်း / လှေဉဉ် (၂စီး)<br>ပဉာာရေး ကောင်း ရွှန်ရှာထောက်ပံ့ | ၉ | ၁၃% |
| အလယ်အလတ် | ဃၢၢဒ် (၅) ဖေ / ခိုင်ကောဒ် /<br>ပျူင်ထောင် သာကော်ဒ်ရိုး ဓါး၊ခ /<br>နွား (၁) ရှင်း / လှေဉဉ် (၁) စီး<br>ပဉာာရေး ထောက်ပံ့ နိုင်ခြင်း | ၃၈ | ၅၄% |
| နွမ်းပါး | ထဂံကာ သာကော်ဒ်ရိုး ဓါး၊ခ /<br>လာကော်လူး၊ဒ် လာကော်တ / စက်ဘီး<br>ပဉာာရေ ခက်ခဲရှာထောက်ပံ့ | ၂၃ | ၃၃% |
| အလွန်နွမ်းပါး | | | |
| စုစုပေါင်း | | ၇၀ | ၁၀၀% |

## ကျွဲတလင်းအုပ်စု ၊ မတောကျွန်းကျေးရွာ

## ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်၏ သုံးသပ်ချက်

မတောကျွန်းကျေးရွာ၏ လူမှုရေးအခြေပြု မြေပုံအရ ချမ်းသာသော အုပ်စု ၊ အလယ်အလတ် အုပ်စု နှင့် မပြေလည်သော အုပ်စု ဟူ၍ (၃) အုပ်စု ရှိပါသည်။

ပျဉ်ထောင် ၊ သွပ်မိုး အိမ်ခြံ ၊ လယ် (၂၀) ဧက ၊ ခွေးကုတ် ၊ ပေါင်းသစ်စက် ၊ နွား (၂) ရှဉ်း ၊ လှည်း (၂) စီး ၊ ဆိုင်ကယ် ၊ ရေစုပ်စက် စသည်တို့ ကို ပိုင်ဆိုင်သော မိသားစုများကို ချမ်းသာသော အုပ်စုဝင်များ အဖြစ် သတ်မှတ်ထားပါသည်။ ထိုမိသားစုများ သည် ကလေးများ ပညာရေးတွင် ကောင်းစွာ ထောက်ပံ့နိုင်ကြပြီး (၉) အိမ်ထောင်စု ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် (၁၂) ရာခိုင်နှုန်း ရှိပါသည်။

ပျဉ်ထောင် ၊ သက်ကယ်မိုး အိမ်ခြံ ၊ လယ် (၅) ဧက ၊ နွား (၁) ရှဉ်း ၊ လှည်း (၁) စီး ၊ ဆိုင်ကယ် စသည်တို့ကို ပိုင်ဆိုင်သော အိမ်ထောင်စု များကို အလယ်အလတ် အုပ်စု အဖြစ် သတ်မှတ်ထားပါသည်။ ထို အိမ်ထောင်စု များသည် ကလေးများ၏ ပညာသင်ကြားရေးကို အတန်အသင့် ထောက်ပံ့နိုင်ကြပြီး (၃၈) အိမ်ထောင်စု ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် (၅၄) ရာခိုင်နှုန်း ရှိပါသည်။

ထရံကာ ၊ သက်ကယ်မိုး အိမ်ခြံ နှင့် လက်လုပ်လက်စား အိမ်ထောင်စုဝင်များကို မပြေလည်သော အုပ်စု အဖြစ် သတ်မှတ်ထားပါသည်။ ထို အိမ်ထောင်စု များသည် ကလေးများ ပညာသင်ကြားရေးအတွက် ခက်ခဲစွာ ထောက်ပံ့ရကြပါသည်။ အိမ်ထောင်စု (၂၃) စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၃၄) ရာခိုင်နှုန်း ရှိကြပါသည်။

## အနှစ်ချုပ် ပြဿနာ

အထက်ပါ အကြောင်းအရာများအား ခြုံငုံသုံးသပ်ခြင်းဖြင့် ရွာ၏ အဓိက ပြဿနာများမှာ လမ်းပန်းဆက်သွယ်ရေး ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပါက ရွာသူ ရွာသားများ အနေဖြင့် အလုပ်ကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ၊ ကလေးများ၏ ပညာသင်ကြားရေး ၊ ကျန်းမာရေး စသည့် ကိစ္စများ ပိုမို အဆင်ပြေလာမည် ဟု သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကောင်းမြန်ကျော်


ပါဝင်ဆွေးနွေးသူများ - [illegible] ကျား (၁၄) / မ (၁၆)

ကျေးရွာ ခရောကုန်း

ကျေးရွာအုပ်စု ကျွဲတလင်း

# ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ ။ ၄ - ၄ - ၂၀၁၆

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | လယ်ယာလုပ်ငန်း | - | Y | YY | YYYY | YYY | Y | YY | YYYY | YYYY | Y | - | - |
| ၂။ | ကိုင်းလုပ်ငန်း | - | - | - | - | - | - | * * | * * * * | * * * * | * | * * * | * |
| ၃။ | ဝင်ငွေ | - | - | ↑ | - | - | - | - | ↑ | ↑ | ↑ | - | - |
| ၄။ | ထွက်ငွေ | - | - | ↓ | ↓ | - | - | - | ↓ | ↓ | - | - | ↓ |
| ၅။ | ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| ၆။ | ကျန်းမာရေး | - | * | * | - | - | - | * | * | - | - | - | - |
| ၇။ | လူမှုရေးလုပ်ငန်း | * * * | - | - | * * | - | * * | * | * * * | * * * | * * | * * * | - |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |

## ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်များ

မတောကျွန်း ကျေးရွာတွင် လယ် / ကိုင်း လုပ်ငန်းများကို အဓိကထား၍ လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။

လယ်လုပ်ငန်း လုပ်ကိုင်ကြသူများသည် ကဆုန်လမှ နတ်တော်လ အထိ လယ်လုပ်ငန်းများကို လုပ်ကြရပါသည်။ နယုန် / ဝါဆို / ဝါခေါင်လ များတွင် စပါး စတင်စိုက်ပျိုး၍ အလုပ်များကြပါသည်။ တန်ဆောင်မုန်း / နတ်တော် လများတွင် စပါး ရိတ်သိမ်းခြင်းများကို ပြုလုပ်ကြ၍ အလုပ်များကြပါသည်၊ ကျန်လများတွင် လယ် နှင့် မသက်ဆိုင်သော ပုံမှန်လုပ်ငန်းများသာ ရှိကြပါသည်၊

ကိုင်းလုပ်ငန်းများကို သီတင်းကျွတ် / တန်ဆောင်မုန်း / နတ်တော် / ပြာသို / တပို့တွဲ / တပေါင်း လများတွင် လုပ်ကိုင်ကြပြီး တန်ဆောင်မုန်း / နတ်တော် / တပို့တွဲ လများတွင် ကိုင်းလုပ်ငန်း လုပ်ကိုင်သူများ၏ အလုပ်များသော လများ ဖြစ်ကြပါသည်။

လယ် / ကိုင်း လုပ်ငန်းများကို လုပ်ကိုင်ကြသူများသည် တန်ဆောင်မုန်း / နတ်တော် / ပြာသို လများတွင် စပါး / ပဲ / နှမ်း များ ပေါ်ချိန် ဖြစ်၍ ဝင်ငွေများ ရရှိကြပါသည်။ ကျန်လများတွင် လယ်/ကိုင်း လုပ်ငန်းများ အတွက် ပုံမှန် ထွက်ငွေများ ရှိကြပါသည်။

ရာသီဥတု အခြေအနေများ မှာ နယုန် လတွင် မိုးစတင်ရွာတတ်ပြီး ဝါဆို / ဝါခေါင် / တော်သလင်း လများတွင် မိုးများစွာ ရွာသွန်းတတ်ပြီး ကျန်လများတွင် နေသာတတ်ပါသည်။

ကျန်းမာရေး နှင့်ပတ်သက်ပြီး ကဆုန် / နယုန် လများတွင် ကလေးများ ဝမ်းပျက် / ဝမ်းလျှော ခြင်းများ ဖြစ်တတ်ပြီး သီတင်းကျွတ် / တန်ဆောင်မုန်း လများတွင် သွေးလွန်တုပ်ကွေး / ငှက်ဖျား စသည့် ရောဂါများ ဖြစ်တတ်ကြပါသည်၊

လူမှုရေးလုပ်ငန်း နှင့် ပွဲတော်ကာလ များကို တန်ခူး / ဝါဆို / တော်သလင်း / သီတင်းကျွတ် / တန်ဆောင်မုန်း / နတ်တော် / ပြာသို / တပို့တွဲ နှင့် တပေါင်း လများတွင် ရာသီအလိုက် ပွဲတော်များ နှင့် လူမှုရေး လုပ်ငန်းများကို လုပ်ကိုင်တတ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်မြင့်ကျော်
ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၁၄) / မ (၁၆)

ကျေးရွာ ဗဒေါ်ကုန်း                    ကျေးရွာအုပ်စု ကျွဲတလော်း

ရက်စွဲ ။ ၅ - ၄ - ၂၀၁၆

## ကျား/မ ရေးရာ ခွဲခြားစိတ်ဖြာခြင်း

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်ထိန်းချုပ်မှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ် / ကိုင်း | ✓ | | |
| လှေခုတ် | ✓ | | |
| ဆိုင်ကယ် / စက်ဘီး | | | ✓ |
| ကျွဲ / နွား | ✓ | | |
| ကြက် / ဘဲ / ဝက် | | | ✓ |
| ချိန်း ဖော | ✓ | | |
| ခွေးကုတ် | ✓ | | |
| ရေစုပ်စက် | ✓ | | |
| အပ်ချုပ်စက် | | ✓ | |
| စက်ဘတ်ကန်း | | ✓ | |
| စပါး ကြိတ်စက် | ✓ | | |

မကောထုန်းကျေးရွာ ကျွဲတဂါးအုပ်စု ၅.၄.၂၀၁၆

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ် အသုံးပြုမှု | | |
|---|---|---|---|
| | ကျား | မ | ကျား + မ |
| လယ် / ကိုင်း | | | ✓ |
| လှည်း | | | ✓ |
| ဆိုင်ကယ် / စက်ဘီး | | | ✓ |
| ကျွဲ / နွား | | | ✓ |
| ကြက် / ဘဲ / ဝက် | | | ✓ |
| ချိန်းခေါ | ✓ | | |
| ခွေး ကုတ် | ✓ | | |
| ရေစုပ်စက် | | | ✓ |
| အပ်ချုပ်စက် | | ✓ | |
| စက်ပါက်ထန်း | | ✓ | |
| စပါးကြိတ်စက် | ✓ | | |

ကျွဲတလင်း အုပ်စု ၊ မတောကုန်း ကျေးရွာ

ကျား/မ ရေးရာ ပိုင်ဆိုင်မှုကို ခွဲခြားစိတ်ဖြာခြင်း ဆွေးနွေးချက်

မတောကုန်း ကျေးရွာ၏ အရင်းအမြစ်များ မှာ လယ် | ကိုင်း | ခွေးကုတ် | ကျွဲ | နွား | လှည်း | စပါးကြိတ်စက် | ချိန်းခေ | ဆိုင်ကယ် ရေစုပ်စက် | အပ်ချုပ်စက် | စက်ယက်ကန်း | ကြက် | ဘဲ နှင့် ဝက် စသည်တို့ ရှိပါသည်။ လယ် | ကိုင်း | လှည်း | ကျွဲ | နွား | ချိန်းခေ ခွေးကုတ် | ရေစုပ်စက် | စပါးကြိတ်စက်တို့ကို အမျိုးသားများမှ အများဆုံး အသုံးပြု၍ ၎င်း အရင်းအမြစ်များအား အမျိုးသားများမှ အများဆုံး ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက် နှင့် စက်ယက်ကန်း တို့ကို အမျိုးသမီးများ မှ အများဆုံး အသုံးပြု၍ အမျိုးသမီးများ ကပဲ ထိန်းချုပ်ထားပါသည်။ စက်ဘီး | ဆိုင်ကယ် | ကြက် | ဘဲ | ဝက် စသည်တို့ကို အမျိုးသားများ နှင့် အမျိုးသမီးများ မှ အတူတကွ အသုံးပြု၍ အမျိုးသား နှင့် အမျိုးသမီး တို့ မှ ထိန်းချုပ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်နိုင်

ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၁၄)


မ (၁၆)

ကျေးရွာ မကောကျွန်း

ကျေးရွာအုပ်စု ကျွဲတလင်း

ရက်စွဲ ။ ၄ - ၄ - ၂၀၀၆

**ပင့်ကူအိမ်ပုံစံ -**



## ပဒိကျူအိမ်ခ သုံးသပ်ချက်များ

ခတောကုန်း ကျေးရွာတွင် အမျိုးသားများ နှင့် အမျိုးသမီးများ၏ စီးပွားရေး လုပ်ကိုင်မှု ၊ ဆုံးဖြတ်ပိုင်ခွင့် ၊ အိမ်မှုကိစ္စ လုပ်ကိုင်မှုများတွင် တန်းတူညီမျှမှု မရှိခြင်းကို တွေ့ရှိရပါသည်။

အမျိုးသားများသည် စီးပွားရေးလုပ်ငန်းများကို ဦးဆောင် လုပ်ကိုင်ကြပါသည်၊ ထို့ကြောင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို ဆုံးဖြတ်ပိုင်ခွင့်များကို ရရှိကြပါသည်။ အိမ်မှုကိစ္စများကို အမျိုးသမီးများမှ များစွာလုပ်ကိုင်ရခြင်းကြောင့် စီးပွားရေးလုပ်ကိုင်မှုများတွင် အားနည်းရခြင်းဖြစ်ပါသည်။

ပညာသင်ကြားခွင့်ကိုလဲ အမျိုးသားများမှ ပိုမိုရရှိကြပါသည်။ အကြောင်းမှာ နယ်မြေဝေးခေါင်မှု နှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြောင့်ဖြစ်ပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို လုံခြုံမှုရှိခြင်းကြောင့်လဲ အမျိုးသားများသည် ပိုမိုပညာသင်ကြားခွင့်များကို ရရှိကြပါသည်။

ကျန်းမာရေး နှင့် သက်ဆိုင်သော ကိစ္စများတွင်မူ အမျိုးသား နှင့် အမျိုးသမီး ကွာဟချက်များ သိပ်မရှိပါ အမျိုးသားရော အမျိုးသမီးများပါ အခက်အခဲများစွာရှိကြပါသည်။ ရွာတွင် ပြည့်စုံကောင်းမွန်သော ဆေးခန်းမရှိခြင်း နှင့် လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။


ဦးဆောင်ဆွေးနွေးသူ - ဦးအောင်နိုင်
ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၃၈)
မ (၃၂)

ကျေးရွာ မဲထောကူနီ

ကျေးရွာအုပ်စု ကျိုတလာဖြ

ရက်စွဲ ။ ၄-၄-၂၀၁၆

**ကျေးရွာဖွဲ့စည်း ချိတ်ဆက်မှုပြ ဇယား**



# အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံစံ သုံးသပ်ချက်များ

မဝေါကုန်းကျေးရွာ အတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေး ၊ ဝေါ်ဂတ ၊ KDN ဖွံ့ဖြိုးရေး ၊ အမျိုးသား သာရေးနာရေးအဖွဲ့ ၊ အမျိုးသမီး သာရေးနာရေးအဖွဲ့ ၊ ကျောင်းကော်မတီ စသည့်အဖွဲ့အစည်းများကို ဖွဲ့စည်းထားပါသည်။

ရွာပြင်ပတွင် ရှိသော အဖွဲ့အစည်းများမှာ - မြို့နယ်အုပ်ချုပ်ရေးရုံး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာ ငြိမ်းချမ်းရေးအဖွဲ့ (KNU) ၊ မြို့နယ်ပညာရေးရုံး ၊ မြို့နယ်ကျန်းမာရေ ဦးစီးဌာန စသည်တို့ ဖြစ်ကြပါသည်။

ရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် အပြန်အလှ ချိတ်ဆက်မှုများရှိပါသည်။ ရွာပြင်ပရှိ အချို့အဖွဲ့အစည်းများနှင့် ရွာတွင်းရှိ အဖွဲ့အစည်းများ ချိတ်ဆက်မှုရှိပါသည်။ သို့သော်လည်း ရွာပြင်ပရှိ အချို့သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိခြင်းတို့ကြောင့် ရွာ၏ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့ တင်ပြနိုင်ခြင်းမရှိသည်ကိုလည်း သိရှိခဲ့ရပါသည်။


ဦးဆောင်ဆွေးနွေးသူ - ဦးစောဒေးမွန်ကျော်

ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၂၈)

မ (၃၂)

ပြဿနာသစ်ပင်

နေ့စွဲ - ၅.၄.၂၀၁၆



## ပြဿနာ သစ်ပင် သုံးသပ်ချက်

မတောရကုန်းကျေးရွာတွင် ရင်ဆိုင်နေရသော ပြဿနာ အခက်အခဲများရှိပါသည်။ ၎င်း ပြဿနာ၊ အခက်အခဲများထဲမှ စားဝတ်နေရေး ခက်ခဲခြင်း ခေါင်းစဉ်ဖြင့် ပြဿနာ သစ်ပင်အား ဆွဲခဲ့ကြပါသည်။

ဆွေးနွေးချက်များမှာ လမ်း၊ တံတားများ မကောင်းခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုမရှိခြင်း၊ လျှပ်စစ်မီး မရှိခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ပညာတတ်များ နည်းပါးခြင်း နှင့် ရာသီဥတု ဖောက်ပြန်ခြင်း စသည့် အချက်များကြောင့် စားဝတ်နေရေး ခက်ခဲခြင်း ဆိုသည့် ပြဿနာ၊ အခက်အခဲ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

အထက်ပါ အကြောင်းတရားများ ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များမှာ - ပညာတတ်နည်းပါးခြင်း၊ ရာဇဝတ်များခြင်း၊ လူမှုရေးလုပ်ငန်းများတွင် အဆင်မပြေခြင်း၊ စီးပွားရေး အဆင်မပြေခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ လူမှုရေး အဆင့်အတန်း နိမ့်ကျခြင်း နှင့် သွားရေးလာရေး ခက်ခဲခြင်း စသည်တို့ ဖြစ်ပေါ်လာကြပါသည်။

### အနှစ်ချုပ်

မတောရကုန်းကျေးရွာ၏ အဓိက လိုအပ်ချက်များမှာ - ကျေးရွာချင်းဆက်လမ်းများ၊ ရွာတွင်းလမ်းများ နှင့် တံတားများ ပျက်စီးခြင်း၊ ကလေးများ ပညာသင်ကြားရေးအတွက် ကျောင်းဆောင် မလုံလောက်ခြင်းများ ဖြစ်ပါသည်။ ထို့ကြောင့် ဦးစားပေးလုပ်ငန်းများ အဖြစ် နံပါတ် (၁) ရွာတွင်းလမ်း နှင့် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ပြုပြင်ခြင်း၊ နံပါတ် (၂) စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း လုပ်ငန်းများကို တစ်ရွာလုံး၏ သဘောဆန္ဒ အလျောက် ရွေးချယ်ခဲ့ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကောင်းမွန်ကျော်
ပါဝင်ဆွေးနွေးသူများ - ရွာလူထု ကျား (၂၈)
မ (၃၂)

ကျေးရွာ ---မဧတာကုန်း---- ကျေးရွာအုပ်စု --ကျွဲတလင်း------

ရက်စွဲ ။ ၅ - ၄ - ၂၀၁၆

# ကျေးရွာအတွင်းရှိစိန်ခေါ်မှု ပြဿနာအခက်အခဲများ

| အမျိုးသား | အမျိုးသမီး |
|---|---|
| ၁။ ရေတွင်း၊ ဆည်ကန် နည်းပါးမှုကြောင့် နွေရာသီတွင် သောက်သုံးရေ ခက်ခဲ | ၁။ လုပ်ငန်း ရှားပါးပြီး ဝင်ငွေ နည်းပါးမှု၊ အပိုအခြား မရှိမှုတို့ကြောင့် နေထိုင်ရေး ခက်ခဲ |
| ၂။ ဖယောင်းမီး၊ ရေနံဆီမီး သုံးစွဲမှုကြောင့် မီးဘေးအန္တရာယ်နှင့် လုံခြုံရေး ခိုးကိုယ်ရမှု၊ တင်းဝါး ခိုးဆောင်ရမှုတို့ကြောင့် လျှပ်စစ်မီး မရှိသော ခက်ခဲ | ၂။ ရာသီဥတု ဖောက်ပြန်မှု၊ လုပ်ငန်းရှားပါးမှုတို့ကြောင့် စားဝတ်နေရေး ခက်ခဲ |
| ၃။ ကျောင်း ဆရာ လုံလောက်မှု မရှိခြင်း၊ ကျောင်းသား ဦးရေ များပြီး စာသင်ဆောင် မလုံလောက်မှုတို့ကြောင့် ပညာသင်ကြားရေး ခက်ခဲ | ၃။ ကျောင်း ဆရာ လုံလောက်မှု မရှိခြင်း၊ ကျောင်းသားဦးရေ များပြီး စာသင်ဆောင် မလုံလောက်မှုတို့ကြောင့် ပညာသင်ကြားရေး ခက်ခဲ |
| ၄။ ရာသီဥတု ဖောက်ပြန်မှု၊ လုပ်ငန်းရှားပါးမှုတို့ကြောင့် စားဝတ်နေရေး ခက်ခဲ | ၄။ လမ်းပန်း ဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ ရာသီဥတု ဖောက်ပြန်မှုတို့ကြောင့် စီးပွားရေး ခက်ခဲ |
| ၅။ နွေရာသီတွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်ပြီး မိုးရာသီတွင် ရွှံ့ညွှန်များ ဖြစ်ပွားမှုတို့ကြောင့် သွားလာရေး ခက်ခဲ | ၅။ လမ်းပန်း ဆက်သွယ်ရေး မကောင်းမွန်မှု၊ ဆေးပေးခန်း မကောင်းမွန်မှုတို့ကြောင့် ကျန်းမာရေး ခက်ခဲ |
| ၆။ လမ်းပန်း ဆက်သွယ်ရေး မကောင်းမွန်မှု၊ ဆေးပေးခန်း မကောင်းမွန်မှုတို့ကြောင့် ကျန်းမာရေး ခက်ခဲ | ၆။ နွေရာသီတွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်ပြီး မိုးရာသီတွင် ရွှံ့ညွှန်များ ဖြစ်ပွားမှုတို့ကြောင့် သွားလာရေး ခက်ခဲ |
| | ၇။ လမ်းပန်း ဆက်သွယ်ရေး မကောင်းမွန်မှု၊ စားဝတ်နေရေး ကျပ်တည်းမှုတို့ကြောင့် ဘာသာရေး၊ သာသနာရေး၊ သာရေး၊ နာရေး များအား နည်းခြင်းကြောင့် လူမှုရေး ခက်ခဲ |

မတောကုန်းကျေးရွာ　　ကျွဲတလင်းအုပ်စု　　၅.၄.၂၀၁၆

## နောင်(၅)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်

| အမျိုးသား | အမျိုးသမီး |
|---|---|
| ၁။ ကားဘီးမငြေး သွားရေးလာရေး အတွက်အဆင်ပြေသော လမ်းများ ဖြစ်ချင်ပါသည်။ | ၁။ ကျန်းမာရေး လက်လှမ်းမှီချင်ပါသည်။ |
| ၂။ ပညာသင်ကြားရေးအတွက် အဆင်ပြေသောကျောင်းဆောင်သစ် များ ရှိချင်ပါသည်။ | ၂။ ကလေးများ ပညာသင်ကြားရေး အဆင်ပြေ၍ ပညာတတ်ကြီးများ ဖြစ်လာစေချင်ပါသည်။ |
| ၃။ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိချင်ပါသည်။ | ၃။ တစ်ရွာလုံး မီးလင်းချင်ပါသည်။ |
| ၄။ တစ်ရွာလုံး ချောင်စေ့မီး လုံလောက်စွာ ရရှိချင်ပါသည်။ | ၄။ လမ်း နှင့် တံတားများ ကောင်းမွန်လာစေပြီး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာစေချင်ပါသည်။ |
| ၅။ ကျန်းမာရေး အတွက်လုံလောက်သော ဆေးပစ္စည်းများ နှင့်ဆေးခန်း ရရှိချင်ပါသည်။ | |

ကျေးရွာ မြဝေါကျွန်း ----- ကျေးရွာအုပ်စု ကျွဲတလင်း -----

ရက်စွဲ ။ ၅ - ၄ - ၂၀၁၆

## ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

| အမျိုးသား | အမျိုးသမီး |
|---|---|
| ၁။ စာသင်ကျောင်း လုံလုံလောက်လောက်ဖြင့် စိတ်အေးချမ်းသာစွာ ကျောင်းသားများ စာသင်ယူနိုင်ရန် ကျောင်းဆောင်သစ် တိုးချဲ့ခြင်း<br><br>၂။ ကျောင်းဝန်းကျင် သန့်ရှင်းမှု၊ ကလေးများ ပျော်ရွှင်မှု၊ ကျောင်းနှင့် ကျောင်းတွင်းရှိ ပစ္စည်းများ လုံခြုံမှု၊ ကျောင်းခြံ နယ်နိမိတ် သတ်မှတ်မှုတို့အတွက် ကျောင်းခြံစည်းရိုး<br><br>၃။ ကျောင်းအမိုး ပျက်စီးမှုကို ကာကွယ်ရန်နှင့် ကျောင်းသားများ ကျန်းမာသန့်ရှင်းစွာ ပညာသင်ကြားနိုင်ရန် ကျောင်းခေါင်မိုး ပြုပြင်ရန်.<br>(ထနောင်းပင်ကျင်း)<br><br>၄။ ကျေးရွာနှင့် ကျေးရွာ အနီးမှ ပြည်သူများ၏ အရေးပေါ် ကျန်းမာရေး အတွက် ဆေးပေးခန်း ပြုပြင်ရန်.<br><br>၅။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စားဝတ်နေရေးနှင့် ကျန်းမာရေးများအတွက် အရေးပေါ် လုပ်ငန်းများ အလွယ်တကူ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ကျေးလက်လမ်း ပြုပြင်ခြင်း။ | ၁။ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် အရေးပေါ် အသက်ကယ်ဆယ်ရေး လုပ်ငန်းများ အတွက် ကျေးလက်လမ်း ပြုပြင်ခြင်း၊<br><br>၂။ ကျောင်းသားများအတွက် ရာသီဥတု ဒဏ်ကို ကာကွယ်ရန် မျက်နှာကျက် ယက်ဆင်ခြင်းနှင့် ဆူညံသံ ကာကွယ်ရန် စာသင်ခန်းများ ခွဲခြားကာရန်ခြင်း:<br><br>၃။ ကျောင်း ဥယျာဉ်နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်ရန်၊ ကျောင်းသူ/သား တို့ စိတ်လုံခြုံမှု ရရှိရန် ကျောင်းခြံစည်းရိုး ကာရန်ခြင်း:<br><br>၄။ သက်ကြီးရွယ်အိုများ၊ ကျောင်းသား/သူများ၊ မိခင်နှင့် ကလေးများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ အရေးပေါ်လူနာများအတွက် ကျန်းမာရေး ဆေးခန်း ပြန်လည်ပြုပြင်ခြင်း။<br><br>၅။ ကျန်းမာရေးနှင့် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်ရန် ရွာတွင်းရှိ အများသုံး ရေအိမ်သာကို ပြန်လည် ပြုပြင်ခြင်း: |

ကျေးရွာ – မြထောကုန်း – – –　　　　ကျေးရွာအုပ်စု – ကျွဲတာသောင်း – – – –

ရက်စွဲ ။ ၅ - ၄ - ၂၀၁၆

# ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ အမျိုးသား+အမျိုးသမီး) | လူထုဖော်ပြုစီမံကိန်းအတွက် အဆိုပြုသည် (ဦးစားပေး အဆင့်အလိုက်ဖော်ပြပါ) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုး ခံစားခွင့် ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျေးရွာချင်းဆက် | | | | |
| | လမ်းနှင့်ရွာတွင်း | | | | |
| | လမ်းများနှင့် | | | | |
| | တံတားများ ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၁ | | ၃၀၀၀၀ |
| ၂။ | စာသင်ကျောင်း | | | | |
| | ခေါင်မိုးချဲ့ခြင်း | အမျိုးသား+အမျိုးသမီး | ၂ | | ၁၂၀ |
| ၃။ | ကျောင်းဝင်းခြံ | | | | |
| | ပြုပြင်ခြင်း | အမျိုးသား | ၃ | | ၅၀ |
| ၄။ | ကျောင်းခြံစည်းရိုး | | | | |
| | ပြုလုပ်ခြင်း | အမျိုးသမီး | ၄ | | ၁၂၀ |
| ၅။ | ရေခန်းပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ၅ | | ၃၅၅ |
| ၆။ | အများသုံး | | | | |
| | အိမ်သာနှင့်ရေ ပြုပြင်ခြင်း | အမျိုးသမီး | ၆ | | ၃၅၅ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

# ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ

## ဝင်စာရင်း

ကျေးရွာ -

ရက်စွဲ :

| စဉ် | ကော်မတီများ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ / ထောက် ကော်မတီ | ဥက္ကဌ | ဦးစောသန်းဝင်းလေး | |
| | | ဥက္ကဌ | ဒေါ်နော်ဆိ | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစောဝင်းမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းဇင်မြ<br>ဒေါ်နော်ဖိုးဝါး | |
| ၃။ | ဆောင်ကြည့်၊ ကြီးကြပ် ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးခင်မောင်သန်း | |
| | | အဖွဲ့ဝင် | ဒေါ်ဒီဇင်ဘာဖော် | |
| ၄။ | လည်ပတ် / ထိန်းသိမ်း ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းနိုင်ဝိုး | |
| | | အဖွဲ့ဝင် | ဒေါ်ရင်းစတာဖော် | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးစောစေးမူး | |
| ၆။ | ဝေဖန်ဂျက်ပြကိုယ်စားလှယ် | ကိုယ်စားလှယ် (၁) | ဦးမင်းဘိုသိန်း | |
| | | ကိုယ်စားလှယ် (၂) | ဒေါ်ဖော်ဖေဝါး | |
| ၇။ | ကျေးရွာဆောနာ့တိုန်ထမ်း | (၁) | ဦးစောဖါးမူ | |
| | | (၂) | ဒေါ်နော်ဓာကပေါ် | |

ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်/*** ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအားစစ်ဆေး ပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူးအမည် ဦး ရဲဥာဏ်စိုး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ဖုန်းနံပါတ် 09 263580620 | လူထုစည်းရုံးရေးမှူး၏အမည် ဦး အောင်မွန်ကျော် |
|---|---|---|

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု ကျဲတလင်း | ကျေးရွာ မဲတောလွန်း |
|---|---|---|---|

## က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ကရင် | 68 | ဘာသာ(၁)---ဗုဒ္ဓ----- | 66 |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)---ခရစ်ယာန် | 2 |
| လူမျိုးစုရော---ကရင်+ဗမာ - | 2 | ဘာသာရော---ဗုဒ္ဓ/ခရစ်ယာန် | 2 |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | 192 | 173 |
| အိမ်ထောင်ဦးစီး | 61 | 9 |

## (ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| ခရစ်ယာန် မူကြို | | | | အခြား | ☐ |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ၊ဆရာမ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာဆရာမ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ၊ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☐ |
| မူကြိုဆရာ၊ဆရာမ | ☐ | ☐ | အရံသားဖွား | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား(၁)/(၂) | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် ကျောင်းကူဆရာ | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/~~မရှိပါ~~/~~မသိပါ~~

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /~~မသိပါ~~

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁-မိုင်---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်---

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်------၁ နာရီ-----------

ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ---------------------------------

**(၉) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁)--ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂)-----------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးလွင်မျိုး

လက်မှတ် နေ့စွဲ 29.3.2016

လူထုစည်းရုံးရေးမှူး အမည် ဦးအောင်မွန်ကျော်

လက်မှတ် နေ့စွဲ 4.4.2016

150ရဲ

**ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ ပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး:အောင်:ငြိမ်းကျော် | | | |
| နေ့စွဲ 4. 4. 2016 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ၁၃ ရှ: | မြို့နယ် ကျောက်မဲ | ကျေးရွာအုပ်စု ကွဲတလဲ : | ကျေးရွာ ၁၀ဝေတာကုန်း: |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.4.2016 | 4.4.2016 | 28 | 32 | 60 | - |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 4.4.2016 | 5.4.2016 | 28 | 32 | 60 | - |
| ၃. ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | - |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | - |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန် ချက်* /အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသော အခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များ၊လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေအရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများ အားလုံးကိုဖေါ်ပြရမည်။ |

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦး ကောင်း ခွန်ကျော် | | | | |
| နေ့စွဲ | ၅.၇.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ | မဒေါကုန် |

**က. အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း(အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေတွင်း/ရေကန် မလုံလောက်၍ နွေရာသီတွင် သောက်သုံးရေ ရှားပါးခြင်း | ၁ | အလုပ်အကိုင် ရှားပါး၍ ဝင်ငွေ မရရှိခြင်း |
| ၂ | လျှပ်စစ်မီး မရရှိ၍ မီးဘေး အန္တရာယ်ရှိခြင်း | ၂ | စာသင်ဆောင် မလုံလောက်ခြင်း နှင့် ကျောင်း ခြံစည်းရိုး မကောင်းခြင်း |
| ၃ | ကျောင်းဆောင် မလုံလောက်ခြင်း နှင့် ခေါင်မိုး ပျက်စီးနေ၍ ပညာသင်ကြားရေး ခက်ခဲ | ၃ | ရာသီဥတု ဖောက်ပြန်၍ သီးနှံ အထွက်နည်းခြင်း |
| ၄ | ရာသီဥတု ဖောက်ပြန် / အလုပ်အကိုင် ရှားပါးခြင်း | ၄ | လမ်း မကောင်း / ဆေးခန်း မကောင်း၍ ကျန်းမာရေး ကိစ္စများ ခက်ခဲ |
| ၅ | မိုးရာသီတွင် လမ်းများ ပျက်စီးနေခြင်း | ၅ | မိုးရာသီတွင် ချောက်များ တံတားလမ်းများ ပျက်စီး |
| ၆ | ဆေးခန်း ပျက်စီးနေ၍ ဝန်ဆောင်မှုမရခြင်း | | နေခြင်းကြောင့် သွားရေးလာရေး ခက်ခဲခြင်း |

**ခ. မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရာသီမရွေး သွားလာရေး အဆင်ပြေသော လမ်းများ ဖြစ်ချင်ပါသည်။ | ၁ | ကျန်းမာရေး လက်လှမ်းမီချင်ပါသည်။ |
| ၂ | လုံလောက်သောကျောင်းဆောင်သစ်ရှိချင် | ၂ | ကလေးများ ပညာသင်ကြားရေး အဆင်ပြေပြီး ပညာတတ်များ ဖြစ်စေချင်ပါသည်။ |
| ၃ | သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိချင်ပါသည်။ | ၃ | တစ်ရွာလုံး မီးလင်းချင်ပါသည်။ |
| ၄ | တစ်ရွာလုံး လျှပ်စစ်မီး လုံလောက်စွာရရှိချင်ပါသည်။ | ၄ | လမ်းနှင့် တံတား များ ကောင်းမွန်လာစေချင်ပါသည်။ |
| ၅ | လုံလောက်သောဆေးဝါးနှင့် ဆေးခန်း ရရှိချင်ပါသည်။ | ၅ | |

**ဂ. ဤကျေးရွာ၏ လာမည့်( ၃)နှစ်အတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။**
**(လူထုဗဟိုပြုစီမံကိန်း ရံပုံငွေအတွက် အဆိုပြုသော အစီအစဉ်များကိုဦးစားပေး အဆင့်အလိုက်ဖေါ်ပြပြီး ကျန်လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေအရင်းအမြစ်နှင့် မပတ်သက်သည့်အစီအစဉ်များလည်းဖေါ်ပြရန်ဖြစ်သည် )**

| | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ | လူထုဗဟိုပြုစီမံကိန်းအတွက်အဆိုပြုသည် (ဦးစားပေးအဆင့် အလိုက် ဖေါ်ပြပါ) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေ |
|---|---|---|---|---|---|

| | | အမျိုးသား+အမျိုးသမီး) | | | အရေအတွက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာချမ်းဆက်လမ်း၊ ရွာတွင်းလမ်း နှင့်တံတား ပြုပြင် | ကျား + မ | ၁ | | ၃၀၀၀၀ |
| ၂ | စာသင်ဆောင်တိုးချဲ့ခြင်း | ကျား + မ | ၂ | | ၁၂၀ |
| ၃ | ကျောင်းခေါင်မိုး ပြုပြင်ခြင်း | ကျား | ၃ | | ၅၀ |
| ၄ | ကျောင်း ခြံစည်းရိုး ပြုပြင်ခြင်း | မ | ၄ | | ၁၂၀ |
| ၅ | ဆေးခန်း ပြုပြင်ခြင်း | ကျား + မ | ၅ | | ၃၅၅ |
| ၆ | အများသုံး အိမ်သာနှင့်ရေ ပြုပြင်ခြင်း | မ | ၆ | | ၃၅၅ |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည်- ဦးသာနော်ခွိ - လက်မှတ် ---------- နေ့စွဲ ---၅.၄.၂၀၁၆

## ပုံစံ စ-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး [illegible] | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ကျိုက်မရော | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] ခြင်း လုပ်ငန်း | 5000'×0'×6" | ၂၄၂၀၀ | □ ကျား<br>□ မ<br>□ ကျား+ မ | ၁၅၀၀၀၀၀၀ | | | | |
| [illegible] | [illegible] ခြင်း လုပ်ငန်း | ၂'၀ [illegible] (၇) [illegible] | ၁၄၂၀၀ | □ ကျား<br>□ မ<br>□ ကျား+ မ | ၄၂၀၀၀၀၀ | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ    အမည် [illegible]    လက်မှတ် [signature]    ရက်စွဲ

[illegible]    [signature]

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

| | | | |
|---|---|---|---|
| *လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန်* | | | |
| စည်းရုံးရေးမှူးအမည် ဦး ကောင်းမွန် ကျော် .- ဦး ဇော်နိုင် | | | |
| ရက်စွဲ။ ၄.၄.၂၀၁၆ | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | | |
| ပြည်နယ်/ တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ မဲတောကကျွဲ |

**အစည်းအဝေးခေါင်းစဉ်။**

| စဉ် | အမည် | ကျား (√) | မ (√) | အိမ်ထောင်စုကိုယ်စားလှယ်(√)[၁] | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁ | ဦး သက်ပြိုင် | ✓ | | ✓ | ကရင် | [signature] |
| ၂ | ။ သန်းမြင့် | ✓ | | ✓ | ။ | [signature] |
| ၃ | ။ အောင်ကျော်ရှိန် | ✓ | | ✓ | ။ | [signature] |
| ၄ | ။ သန်းဝင်းကြည် | ✓ | | ✓ | ။ | [signature] |
| ၅ | ။ ကြိုကို | ✓ | | ✓ | ။ | [signature] |
| ၆ | ဒေါ် ဂျူးဂျူး | ✓ | | ✓ | ။ | ဒေါ် |
| ၇ | ဦး ဖိုးသိန်း | ✓ | | ✓ | ။ | [signature] |
| ၈ | ဒေါ်မောင်တက် | ✓ | | ✓ | ။ | [signature] |
| ၉ | နူး မောင်ဆွဲ | ✓ | | | ။ | |
| ၁၀ | ဒေါ်သန်းခိုင်ရီ | ✓ | | ✓ | ။ | [signature] |
| ၁၁ | ဦး ဇော်တာ | ✓ | | | ။ | [signature] |
| ၁၂ | ဒေါ်[illegible] | ✓ | | | ။ | [signature] |
| ၁၃ | ဒေါ် ခင်မောင်သန်း | ✓ | | ✓ | ။ | [signature] |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

| | | | |
|---|---|---|---|
| *လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန်* | | | |
| စည်းရုံးရေးမှူးအမည် ဦးကောင်းမှူးကျော် - ဦး ဖောင် ရိုင် | | | |
| ရက်စွဲ။ ၄-၄-၂၀၁၆ | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | | |
| ပြည်နယ်/ တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ မဲတောကျွန်း |

**အစည်းအဝေးခေါင်းစဉ်။**

| စဉ် | အမည် | ကျား (✓) | မ (✓) | အိမ်ထောင်စုကိုယ်စားလှယ်(✓)[၁] | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁၄ | ဦးစောအာ | ✓ | | | 〃 | |
| ၁၅ | စောဒါးမူး | ✓ | | ✓ | 〃 | |
| ၁၆ | 〃 ချူး | ✓ | | ✓ | 〃 | [illegible] |
| ၁၇ | ဦးဝင်းမြင့် | ✓ | | ✓ | 〃 | [illegible] |
| ၁၈ | 〃 အောင်ထွေး | ✓ | | | 〃 | [illegible] |
| ၁၉ | စောရွှေ | ✓ | | ✓ | 〃 | [illegible] |
| ၂၀ | စော မြိုင်ဝင်း | ✓ | | ✓ | 〃 | [illegible] |
| ၂၁ | စောကြယ်တစ်လုံး | ✓ | | ✓ | 〃 | [illegible] |
| ၂၂ | ဦး အိုး ဘီ | ✓ | | ✓ | 〃 | [illegible] |
| | | | | | | |
| | | | | | | |
| | | | | | | |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၂၉.၉.၂၀၁၅

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

*လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန်*

| | | | | | | | |
|---|---|---|---|---|---|---|---|
| စည်းရုံးရေးမှူးအမည် | ဦး. ကောင်းသန့်ကျော် ၊ ဦး. ဇော်နိုင် | | | | | | |
| ရက်စွဲ။ | ၅ . ၄ . ၂၀၁၆ | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(√) | ☐စက်ဝန်း(၁) | ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | | | |
| ပြည်နယ်/ တိုင်းဒေသကြီး | ပဲခူးတိုင်း | မြို့နယ် | ကျောက်ကြီး | ကျေးရွာအုပ်စု | ကျွဲတလင်း ~~မဲစေတကုန်း~~ | ကျေးရွာ | မဲစေတကုန်း |

**အစည်းအဝေးခေါင်းစဉ်။**

| စဉ် | အမည် | ကျား (√) | မ (√) | အိမ်ထောင်စုကိုယ်စားလှယ်(√)[၁] | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| 23 | စောဘိုခိုင် | ॥ | | √ | ကရင် | ဘိုခိုင် |
| 24 | စောပန်းဝှား | ॥ | | √ | ॥ | ဦး:ဗိုးတာ |
| 25 | ဦး ခတ ကြိုးမိုး | ॥ | | √ | ॥ | [signature] |
| 26 | စော ကု ရှ | ॥ | | √ | ॥ | [signature] |
| 27 | စော ဝေ့ခွး ပှ | ॥ | | √ | ॥ | [signature] |
| 28 | စောမင်းဆိုသင်း | ॥ | | √ | ॥ | [signature] |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

32

28/60

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

| | | | |
|---|---|---|---|
| *လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန်* | | | |
| စည်းရုံးရေးမှူးအမည် ဦးကောင်းမြင့်ကျော် - ဦးအောင်ချို | | | |
| ရက်စွဲ။ ၄.၄.၂၀၁၆ | | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | |
| ပြည်နယ်/ တိုင်းဒေသကြီး<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ကျွဲတလင်း | ကျေးရွာ<br>မှဲ့တောကျွဲ |

**အစည်းအဝေးခေါင်းစဉ်။**

| စဉ် | အမည် | ကျား (√) | မ (√) | အိမ်ထောင်စုကိုယ်စားလှယ်(√)[၁] | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁ | မစိုးစောဦး | | √ | ကိုယ်စားလှယ် | ကရင် | ဦး |
| ၂ | နီအာအေး | | √ | " | ကရင် | အေး |
| ၃ | နော်ရှူးပေါ် | | √ | " | " | စောဟ |
| ၄ | မအေးကြည် | | √ | " | " | ကြည် |
| ၅ | နော်ချစ်နှပန်ပေါ် | | √ | " | " | ပေါ် |
| ၆ | မချိုညို | | √ | " | " | ညို |
| ၇ | မချိုချိုအေး | | √ | | " | အေး |
| ၈ | နော်မိုးဝါ | | √ | | " | ဝါ |
| ၉ | နော်တာတောပေါ် | | √ | √ | " | ပေါ် |
| ၁၀ | နော်အာပုပ်မူးပေါ် | | √ | √ | " | ပေါ် |
| ၁၁ | သာအေးနော်ဖိ | | √ | √ | " | ဖိ |
| ၁၂ | သာအေးမိုးကြည် | | √ | √ | " | ကြည် |
| ၁၃ | သာအေးမူမာ | | √ | √ | " | မာ |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

| | | | |
|---|---|---|---|
| လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန် | | | |
| စည်းရုံးရေးမှူးအမည် ဦးကောင်းမှုန်ကျော် ၊ ဦးအောင်နိုင် | | | |
| ရက်စွဲ။ ၄.၄.၂၀၁၆ | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | | |
| ပြည်နယ်/ တိုင်းဒေသကြီး ကရင် | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဆွဲတလင်း | ကျေးရွာ မကောကျွန်း |

အစည်းအဝေးခေါင်းစဉ်။

| စဉ် | အမည် | ကျား (√) | မ (√) | အိမ်ထောင်စုကိုယ်စားလှယ်(√)[၁] | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁၄ | ဘွားကြူဉ်အေး | | √ | √ | ကရင် | [signature] |
| ၁၅ | မလုံးမာ | | √ | √ | ။ | [signature] |
| ၁၆ | နော်မောနေဝါ | | √ | √ | ။ | [signature] |
| ၁၇ | နော်ပော မာနေဝင်း | | √ | √ | ။ | [signature] |
| ၁၈ | နော်အေးစတက်ပေါ် | | √ | √ | ။ | [signature] |
| ၁၉ | နော်ပု မေစင်း | | √ | √ | ။ | [signature] |
| ၂၀ | ဘွားပက် | | √ | √ | ။ | ပက် |
| ၂၁ | ဘွားနော်ဆိ | | √ | √ | ။ | [signature] |
| ၂၂ | နော်ဘွာကပေါ် | | √ | √ | ။ | [signature] |
| ၂၃ | နော်ဝါးကဆို | | √ | √ | ။ | [signature] |
| ၂၄ | ဘွားဆာလာ | | √ | √ | ။ | ဆာလာ |
| ၂၅ | နော်လျှ မိုး | | √ | √ | ။ | [signature] |
| ၂၆ | နော်နှင်းမေရှင်း | | √ | √ | ။ | [signature] |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ - စ-၁၂ - အစည်းအဝေးတက်ရောက်သူများ (FORM PC 12)

| | | | |
|---|---|---|---|
| *လမ်းညွှန်။ စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက်သူများစာရင်းကို ဖြည့်သွင်းရန်* | | | |
| စည်းရုံးရေးမှူးအမည် ဦးကောင်းမှူကျော် - ဦးဇော်နိုင် | | | |
| ရက်စွဲ။ ၅-၄-၂၀၁၄ | စီမံကိန်းစက်ဝန်းအမှတ်ဖြစ်ပါ(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂)☐စက်ဝန်း(၃)☐စက်ဝန်း(၄) | | |
| ပြည်နယ်/ တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျွဲတလင်း | ကျေးရွာ မဲတော်ကျို |

**အစည်းအဝေးခေါင်းစဉ်။**

| စဉ် | အမည် | ကျား (√) | မ (√) | အိမ်ထောင်စုကိုယ်စားလှယ်(√)^(၁) | လူမျိုး | လက်မှတ် |
|---|---|---|---|---|---|---|
| 27 | နော်ဇင်ဇင်မြ | | ✓ | ✓ | ကရင် | Mya |
| 28 | နော်အေးအေးဝေး | | ✓ | ✓ | " | Aye |
| 29 | နော်မိုသူး | | ✓ | ✓ | " | [illegible] |
| 30 | ညားမြဝင်း | | ✓ | ✓ | " | ဝင်း |
| 31 | နော်ရေဝါ | | ✓ | ✓ | " | ဝါ |
| 32 | ညားဘီ | | ✓ | ✓ | " | [illegible] |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | စုစုပေါင်း | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန်မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စု တစ်စုကို ကိုယ်စားပြုသူမည်သူမဆို အမှတ်ခြစ်ပါ။



ကျွဲတလင်းကျေးရွာအုပ်စု၊မတောကုန်းကျေးရွာ၊ပထမအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်ရန်
ကျေးရွာသားများမှပြင်ဆင်နေပုံ။(၄.၄.၁၆)




ကျွဲတလင်းကျေးရွာအုပ်စု၊ မတောကုန်းကျေးရွာ၊ပထမအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်ရန် ကျွဲတလင်းကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာ စကားပြောကြားပုံ။(၄.၄.၂၀၁၆)



ကျွဲတလင်းကျေးရွာအုပ်စု၊ မတောကုန်းကျေးရွာ လူထုဗဟိုပြုစီမံကိန်းမှလူထုစည်းရုံးရေးမှူးကစီမံကိန်းနှင့်
ပတ်သက်သောသတင်းအချက်အလက်များကို ရှင်းလင်းပြောကြားပုံ။ (၄.၄.၂၀၁၆)



ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ(ကျေးရွာမြေပုံရေးဆွဲပုံ)။ ၄.၄.၂၀၁၆



ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ (ကျား၊မ ပင့်ကူအိမ် ပြန်လည်ပေါင်းစည်းရေးဆွဲခြင်း) ၄.၄.၂၀၁၅



ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ (အမျိုးသမီးများအခက်အခဲနှင့် မျှော်မှန်းချက်ကို ထုတ်ဖော်ကြစဉ်) ၅.၄.၂၀၁၆



ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ(အမျိုးသားများအခက်အခဲနှင့်မျှော်မှန်းချက်များကို ထုတ်ဖော်ဆွေးနွေးကြစဉ်)    ၅.၄.၂၀၁၆




ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ(အမျိုးသမီးများရွေးချယ်ထားသောလုပ်ငန်းများကိုပြန်လည်တင်ပြစဉ်)
၅.၄.၂၀၁၆




ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ( အမျိုးသားရွေးချယ်ထားသောလုပ်ငန်းများအားပြန်လည်တင်ပြစဉ်)
၅.၄.၂၀၁၆



ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ( ကျေးရွာကော်မတီဝင်များ) ၅.၄.၂၀၁၆

အထူးကျေးဇူးတင်ပါသည်။